# မြန်မာနိုင်ငံ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်များ၏ ကမ္ဘာ့လူသားချင်း စာနာထောက်ထားရေးနေ့ဆိုင်ရာ သဘောထားထုတ်ပြန်ချက်

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်

ကမ္ဘာ့လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ခြုံငုံသုံးသပ်မှု ၂၀၂၀ ပြည့်နှစ်အရ၊ ယခုနှစ်တွင် ကမ္ဘာအနှံ့အပြားရှိ လူ သန်းပေါင်း (၁၆၈) သန်းခန့်သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များနှင့် အကာအကွယ်ပေးမှုများကို လိုအပ်ကြမည် ဖြစ်သည်။ ၂၀၁၉ ခုနှစ်အဦးပိုင်းမှ စ၍ ၇၁ သန်းခန့်သောသူများသည် ပဋိပက္ခနှင့် အကြမ်းဖက် သုတ်သင်မှုများကြောင့် မိမိတို့၏ အိုးအိမ်များကို စွန့်ခွာကာ ထွက်ပြေး တိမ်းရှောင်နေရသည်။ မြန်မာနိုင်ငံတွင် လူပေါင်း ၉၈၅,၀၀၀ ဦးခန့်သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုများကို လိုအပ်နေကြပါသည်။ မြန်မာနိုင်ငံရှိ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများ၏ အရင်းခံမှာ လက်နက်ကိုင်ပဋိပက္ခများ၊ လူမျိုးရေးတင်းမာမှုများနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကချင်၊ ရှမ်း၊ ရခိုင်၊ ချင်း၊ မွန်၊ ကယား (ကရင်နီ) နှင့် ကရင်ပြည်နယ်များအတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များမှာ လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ပြီး ကာလကြာရှည်စွာ စစ်ဘေး တိမ်းရှောင်ရခြင်း၊ စားနပ်ရိက္ခာ မလုံလောက်ခြင်း၊ ကာလကြာရှည်သော ဆင်းရဲမွဲတေခြင်း၊ လူမှုရေးဆိုင်ရာ ပံ့ပိုးမှု နည်းပါးခြင်း၊ ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာ အပါအဝင် လူမှုဘဝ ချို့တဲ့ခြင်းများကို ဖြစ်ပေါ်စေပါသည်။ လက်ရှိတွင် ကချင်၊ ရှမ်း၊ ရခိုင်၊ ချင်းနှင့် ကရင်ပြည်နယ်များတွင် နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများ ၃၀၀,၀၀၀ အထက် ရှိပါသည်။ ထောင်ပေါင်း များစွာသော ကရင်၊ ကရင်နီ၊ မွန်နှင့် ရှမ်းဒုက္ခသည်များသည်လည်း မြန်မာနှင့် ထိုင်းနိုင်ငံ နယ်စပ်ရှိ ခိုလှုံရာစခန်းများတွင် တိမ်းရှောင် ခိုလှုံနေကြရသည်မှာ နှစ်ပေါင်း ၃၀ ကျော်မျှ ရှိနေပြီ ဖြစ်သည်။ လွယ်တိုင်းလိုင်းဒေသရှိ ရှမ်း IDP ပေါင်း ၆,၀၀၀ ကျော်သည် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှ စ၍ စားနပ်ရိက္ခာ ပြတ်လပ်မှုနှင့် ကြုံတွေ့နေကြရသည်။

ရခိုင်ပြည်နယ်တွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ဆိုးရွားလျက် ရှိပြီး ၂၀၁၇ ခုနှစ်အတွင်း လူဦးရေ ၇၄၀,၀၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကျပ် ရွှေ့ပြောင်းခိုင်းစေခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှ စ၍ မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်မတော်တို့ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလျက် ရှိပြီး လက်ရှိတွင် လူဦးရေ ၂၀၀,၀၀၀ နီးပါးသည် ရခိုင်နှင့် ချင်းပြည်နယ်အတွင်း နေရပ်စွန့်ခွာ စစ်ဘေး တိမ်းရှောင်နေကြရပါသည်။ ထို့အပြင် မြန်မာ့တပ်မတော်သည် ဩဂုတ်လ၊ ၂၀၂၀ ပြည့်နှစ်ထိ ယင်းတို့၏ စစ်ဆင်ရေးများကို ရပ်ဆိုင်းထားမည်ဟု ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၉ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ရာတွင် ရခိုင်နှင့် ချင်းပြည်နယ် ပါဝင်ခြင်းမရှိဘဲ ထိုဒေသရှိ ပြည်သူများ ထိခိုက် ဒဏ်ရာရမှု၊ နေရပ်စွန့်ခွာ စစ်ဘေး တိမ်းရှောင်မှုများ ထပ်တိုးဖြစ်ပေါ်လျက် ရှိသည်။ ထို့အပြင် ကချင်လွတ်လပ်ရေးတပ်မတော် အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်များနှင့် မြန်မာ့တပ်မတော်တို့ တစ်ကျော့ပြန် စစ်မက်ဖြစ်ပွားခဲ့သည်မှာ ၁၀ နှစ်အတွင်းသို့ ရောက်ရှိခဲ့ ပြီ ဖြစ်သည်။

ဤကဲ့သို့သော အခြေအနေတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ဘေးကို ထပ်မံ ရင်ဆိုင်နေရခြင်းကြောင့် စစ်ဘေးရှောင် ပြည်သူများနှင့် ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြရသူများသည် ထိခိုက်လွယ်ဆုံးသူများ ဖြစ်ကြသည်။ ယင်းတို့သည် ကျပ်တည်းသော လူနေဆောင်များတွင် နေထိုင်ကြရပြီး ရသင့်ရထိုင်သော ဝန်ဆောင်မှုများ မရကြသည့်အပြင် လူစုခွဲနေခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု ဆောင်ရွက်ခြင်း အစရှိသည်တို့ လုပ်ဆောင်နိုင်ရန် ခက်ခဲသော အခင်းအကျင်းတွင် နေရခြင်းကြောင့် ဤကပ်ဘေးကာလတွင် ထိခိုက်နာကျင်လွယ်သူများလည်း ဖြစ်ကြသည်။ ထို့အပြင် အသွားအလာ ကန့်သတ်ခံရခြင်းကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးခြင်း၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ လျော့နည်းလာခြင်းကြောင့် ယင်းတို့သည် စခန်းအတွင်း စားနပ်ရိက္ခာ ပြတ်လပ်ခြင်းနှင့် ကလေးများ၏ ပညာရေးအတွက် စိုးရိမ်နေကြရပါသည်။

တစ်ချိန်တည်းမှာပင် ကိုဗစ်-၁၉ ကပ်ဘေးသည် လူထုတစ်ရပ်လုံးအတွက် ကျန်းမာရေး အရေးပေါ် အခြေအနေ ဖြစ်ပြီး ရေတိုနှင့် ရေရှည်ကာလများတွင် ကျန်းမာရေးအပါအဝင် စီးပွားရေးနောက်ဆက်တွဲ ရိုက်ခတ်မှုများသည်လည်း ထိခိုက်လွယ်ဆုံးသော အုပ်စုများဖြစ်သည့် အမျိုးသမီး၊ ကလေး၊ လူငယ်၊ မသန်စွမ်းများနှင့် ဖယ်ကျဉ်ခံအုပ်စုများ ဖြစ်သည့် HIV

ဝေဒနာရှင်များ၊ မူးယစ်ဆေးသုံးစွဲသူများ၊ မြို့ပြဆင်းရဲသားများ၊ ရွှေ့ပြောင်းလုပ်သားများ၊ စက်ရုံအလုပ်သမားများ၊ ဌာနေတိုင်းရင်းသားများ၊ လူနည်းစုများ၊ LGBTIQ+ များနှင့် ရွှေ့ပြောင်းနေထိုင်သူများ အစရှိသူတို့အပေါ် သက်ရောက်မှု ရှိမည် ဖြစ်ပြီး ယင်းတို့သည် ကိုဗစ်-၁၉ ကပ်ဘေးအတွင်း ထိခိုက်မှု အဆိုးဆုံးခံရသည့် အုပ်စုများ ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်း ဆုံးရှုံးမှုနှင့် စားနပ်ရိက္ခာ ရှားပါးပြတ်လပ်လာမှုသည် သာမန်ပြည်သူများအတွက် စိတ်ဖိစီးမှုနှင့် စိုးရိမ်မှုများ ဖြစ်စေပါသည်။ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာသည့် ရွှေ့ပြောင်းလုပ်သားများနှင့် သူစိမ်းများကို ဖယ်ကျဉ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းများလည်း ရှိနေပါသည်။ ထို့အပြင် အိမ်တွင်းအကြမ်းဖက်မှုများ၊ ကျား/ မ အခြေပြု အကြမ်းဖက်မှုများနှင့် မိမိကိုယ်ကိုယ် အဆုံးစီရင်မှုများလည်း တိုးလာလျက် ရှိသည်။

ဩဂုတ်လ (၁၉) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့လူသားချင်း စာနာထောက်ထားမှု အထိမ်းအမှတ်နေ့တွင် မြန်မာနိုင်ငံ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် JST[1], HST-NSS[2], AHCT[3], KnRRRWG[4] အပါအဝင် ကွန်ရက်များ အနေဖြင့် ယခုဖြစ်ပေါ်နေသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဆိုးရွားသော ဘေးဒုက္ခများကို ခံစားနေရသော ပြည်သူများနှင့် အတူအတွ လက်တွဲပြီး ပဋိပက္ခပြဿနာများ လျော့နည်းလာစေရန် ပူးပေါင်း ကြိုးပမ်းလျက် ရှိကြသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် တစ်စုတစ်စည်းတည်း ဆက်လက် လုပ်ဆောင် သွားရန် ထပ်မံ ကတိကဝတ်ပြုပါသည်။ ထို့အတူ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင်ရှိသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်နေသူများနှင့် တစ်သားတည်း အတူ ရှိကြောင်း ဖော်ပြလိုပြီး ယခုကဲ့သို့ ဆိုးဝါးခက်ခဲလှသော အချိန်ကာလတွင် လိုအပ်လျက်ရှိသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် မိမိတို့ဘဝကို အပ်နှင်းကာ ကြိုးပမ်း လုပ်ဆောင်နေကြသောသူများ အားလုံးကိုလည်း ဂုဏ်ပြုအပ်ပါသည်။

<u>အရေးပေါ်တောင်းဆိုမှုများ</u>

ကျွန်ုပ်တို့သည် ဤကဲ့သို့ ဆိုးဝါးလှသည့် အခြေအနေများ ဖြစ်ပွားနေသည့်ကာလတွင် လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများကို ကတိကဝတ်ပြုသော သူများအားလုံးကို အောက်ပါအတိုင်း ဝိုင်းဝန်းကူညီပေးကြပါရန် အရေးတကြီး တောင်းဆိုလိုပါသည်။

၁။ **တစ်နိုင်ငံလုံးစစ်ပွဲများ ရပ်တန့်ပေးရန်** - ပြည်သူများအား ပစ်မှတ်ထား တိုက်ခိုက်နေခြင်းအားလုံးနှင့် လူ့အခွင့်အရေး ချိုးဖော်မှုများအား ချက်ချင်း ရပ်တန့်ပေးရန်။ <u>ကိုဗစ်-၁၉ သည် မြန်မာနိုင်ငံအတွင်း ကွဲပြားသော တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်လေးစားမှုနှင့် တရားမျှတမှုပေါ် အခြေခံသော ငြိမ်းချမ်းရေး ဆွေးနွေးမှုကို ပြန်လည် လုပ်ဆောင်နိုင်ရန် အခွင့်အရေးတစ်ရပ် ဖြစ်ရပါမည်။</u>

၂။ **စစ်ဘေးရှောင် ပြည်သူများနှင့် ဒုက္ခသည်များ၊ မိမိ၏နေရပ်ပြန်ခြင်းဆိုင်ရာ အခွင့်အရေးအား ကာကွယ်ပေးရန်** - စစ်ရှောင် ပြည်သူများနှင့် ဒုက္ခသည်များ မိမိနေရပ်ပြန်ခြင်း (သို့) ပြန်လည် နေရာချထားခြင်း ဆိုင်ရာ အခွင့်အရေးများ ကို လေးစားလိုက်နာပြီး နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ၊ လူ့အခွင့်အရေး ဥပဒေနှင့် Durable Solution စံချိန်စံညွှန်းများနှင့် ကိုက်ညီသော နေရပ်ပြန်ရေး၊ ပြန်လည် နေရာချထားရေး လုပ်ငန်းများကိုသာ အကောင်အထည် ဖော်သင့်သည်။ နေရပ်စွန့်ခွာ စစ်ဘေး တိမ်းရှောင်ခဲ့ရသည့် ပြည်သူများ၏ နေရင်းရပ်ရွာရှိ အိုးအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှုဆိုင်ရာ ရပိုင်ခွင့်များကို ပြန်လည်ရရှိနိုင်အောင် သေချာစွာ ဆောင်ရွက်ပေးရမည်။

၃။ **လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လက်လှမ်းမီ ရရှိအောင် ဆောင်ရွက်ပေးရန်** - မြန်မာနိုင်ငံ အစိုးရနှင့် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက် ရှိသည့် နိုင်ငံသားများ အထူးသဖြင့် နေရပ်စွန့်ခွာ စစ်ဘေးတိမ်းရှောင်သူများနှင့် နေရပ်ပြန်သူများ၏ နိုင်ငံသားအခွင့်အရေးများကို အပြည့်အဝ တာဝန်ယူ

---

[1] Joint Strategy Team

[2] Humanitarian Strategy Team – Northern Shan State

[3] Arakan Humanitarian Coordination Team

[4] Karenni Refugee Repatriation and Reconstruction Working Group

တာဝန်ခံပေးရန် လိုအပ်ပါသည်။ ယင်းတို့အပါအဝင် လတ်တလော ပဋိပက္ခဒဏ်သင့် ပြည်သူများ၊ အထူးသဖြင့် ရခိုင်နှင့် ချင်းပြည်နယ်တောင်ပိုင်းရှိ ပြည်သူများနှင့် ကိုဗစ်-၁၉ တုံ့ပြန် ကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတကာ လူသားချင်း စာနာထောက်ထားရေး ဥပဒေအရ အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးကူညီနိုင်ရန် လုပ်ဆောင်ပေးရပါမည်။ အရေးပေါ်ထောက်ပံ့မှု ပေးနေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို တားဆီး ပိတ်ပင်ခြင်းများကိုလည်း ဖယ်ရှားပေးရမည်ဖြစ်သည်။

၄။ သက်ဆိုင်သူအားလုံးအနေဖြင့် **လူထုအခြေပြု အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများအား ပဋိပက္ခဘေးဒဏ် သက်ရောက်ရာ ဒေသများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်နိုင်ရန် ခွင့်ပြုသင့်သည်။**

၅။ စစ်ဘေးရှောင်များနှင့် စစ်ဘေးဒုက္ခသည်များအတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် ဗဟိုအစိုးရမှ တစ်ဆင့် ပေးအပ်ခြင်းထက် အဆိုပါ **ဒေသများအတွက် ဆောင်ရွက်လျက် ရှိသည့် ရှိနှင့်ပြီးသော လူထု အခြေပြု အဖွဲ့အစည်းများမှ တစ်ဆင့် နယ်စပ်ဖြတ်ကျော် အစီအစဉ်ဖြင့် ပေးအပ်ရမည်။**

၆။ **ကိုဗစ်-၁၉ ကြောင့် ထိခိုက်လွယ်ဆုံးသော အုပ်စုများအား ကျန်းမာရေးနှင့် အခြားလိုအပ်သော ဝန်ဆောင်မှုများ ရပိုင်ခွင့် သေချာစေရမည်** ဖြစ်ပြီး လူမှုကာကွယ်ရေးနှင့် သန့်စင်သောရေ/ တစ်ကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းများ/ ငွေသားထောက်ပံ့မှုများ/ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ အစရှိသည့် ဝန်ဆောင်မှုများကို ဆက်လက် ပံ့ပိုးပေးရမည် ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်သက်သာရေး စီမံချက် (Myamar: COVID-19 Economic Relief Plan) နှင့် ကိုဗစ်-၁၉ ဆိုင်ရာ အရေးပေါ် တုံ့ပြန်ချက်များသည် မြန်မာနိုင်ငံသို့ ပြန်လာသော ရွှေ့ပြောင်းလုပ်သားများ၊ စက်ရုံလုပ်သားများ၊ အသေးစား လယ်သမားများ၊ မြို့ပြဆင်းရဲသားများ၊ မသန်စွမ်းများ၊ အမျိုးသမီးများ၊ စစ်ဘေးရှောင်နှင့် ဒုက္ခသည်များ ကဲ့သို့သော ထိခိုက်လွယ်ဆုံးသော လူအုပ်စုများအတွက် ဦးစားပေး ဆောင်ရွက်သော အစီအစဉ် ဖြစ်ရပါမည်။

**မြန်မာနိုင်ငံ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်များ**


ဆက်သွယ်ရန်

၁။ နော်ဝါးခူးရှီး - + ၆၆ ၈၆၁၁၈၂၂၆၁

၂။ စောမင်းနိုင် - ၀၉ ၅၁၉၈၈၂၂

၃။ ကိုကျော်ဆန်းလှိုင် - ၀၉ ၂၅၂၈၀၀၃၃၁


**ပါဝင်သောအဖွဲ့အစည်းများ**

1) Action Group for Farmers Affair (ပဲခူး)
2) Action Group for Farmers Affair (AGFA) (စစ်ကိုင်းတိုင်း)
3) Action Group for Farmers Affair (AGFA) (ပဲခူးတိုင်း)
4) Action Group for Farmers Affair (AGFA) (မကွေးတိုင်း)
5) Action Group for Farmers Affair (AGFA) (မန္တလေးတိုင်း)
6) Action Group for Farmers Affair (AGFA) (ဧရာဝတီတိုင်း)
7) Ahlin Tagar Rural Development Organization
8) Ahr Thit Yaung Chi (Hline Bwe) အားသစ်ရောင်ခြည် (လှိုင်းဘွဲ့မြို့နယ်)
9) Airavati Organization
10) Alinn Bhamaw Local Development Organization

11) Alinsaetamarn Library & Resource Center
12) Arakan Humanitarian Coordination Team (ACHT)
13) Area Peace and Development Forward
14) Arr Marn Thit Social Development Organization
15) Awareness Raising of Using Drugs (ARUD)
16) AWDI Active Women Development Initiative
17) Ayeyarwaddy West Development organization (AWDO, Magway Region)
18) Ayeyarwaddy West Development organization (AWDO, Nagphe)
19) AYY Farmer Union
20) Ayyar Pyo May Women Development Organization
21) Banmaw Youth Network
22) Bee House
23) BRIDGE
24) CAFT (Citizen Action for Transparency)
25) Center Learning for Youth (CLAY)
26) Central Chin Youth Organization
27) Child Care Foundation (မြဝတီမြို့နယ်)
28) Child Prevention Network
29) Chin MATA Working Group
30) Civic Development Institute – CDI
31) Civil Call
32) Community Association Development
33) Community Care for Emergency Response and Rehabilitation
34) Community Empowerment and Resilience Association (CERA)
35) Community Response Group (ComReG)
36) Constitution Network (Hpa An) အခြေခံဥပဒေကွန်ရက် (ဖားအံမြို့နယ်)
37) CSSDD (Pathein)
38) Daifin Social Services
39) Dama Ahlin Social Development Organization
40) Dawei Development Association
41) Democratic Education Corner- DEC
42) Doe Myae Civil Social Development Organization
43) Down Peace
44) Enlightened Myanmar Research Foundation (EMReF)
45) Environmental Conservation and Farmer Development Organization (ECFD)
46) Ever Green
47) Farmer Agricultural Network
48) Farmers and Landworkers Union (FLU)
49) Farmers And Land Rights Action Group

50) Free & Fair (Chaung Oo)
51) Free and Justice Women Network (Hpa An ) F&J (ဖားအံမြို့နယ်)
52) Free Education Service Organization
53) Future Light for Child - FLC
54) Future Light Social Development Organization
55) Future Star Youth Organization
56) Future Women Association
57) Future Young Pioneer Organization (F.Y.P.O)
58) Generation Wave
59) Genuine People's Servants - GPS
60) Golden Future Social Development Organization
61) Golden Heart Organization
62) Grape Hands
63) Good Hope
64) Green Network Mergui Archipelago
65) Green Network Tanintharyi Region (Myanmar)
66) Heartland Foundation
67) Helping Hand Organization
68) Hline Bwe Youth Network လှိုင်းဘွဲ့လူငယ်ကွန်ရက်
69) Hope For Children Development Organization
70) Hsar Du Wor CBO (Than Taunggyi ) (ဆာဒူဝေါ်CBO) (သံတောင်ကြီးမြို့နယ်)
71) Hsar Ka Baw CBO (Than Taunggyi ) (ဆာကပေါ် CBO) (သံတောင်ကြီးမြို့နယ်)
72) Hsar Mu Htaw (Than Taunggyi ) (လူမှုအထောက်အကူပြုအဖွဲ့) (သံတောင်ကြီးမြို့နယ်)
73) Htaw Mae Pa CSO (Hline Bwe) ထော်မဲပါ CSO (လှိုင်းဘွဲ့မြို့နယ်)
74) Htoi Gender and Development Foundation
75) Htoi Ninghkawng Foundation (HNF)
76) Htoi San Local Development Organization
77) Htum Thit Sa Rural Development Organization
78) Humanity Institute
79) IFI Watch Myanmar
80) Joint Strategy Team (JST)
81) Justice Movement for Community – Innlay
82) Justice Society (JS)
83) Kachin Consultation Working Group (KCWG)
84) Kachin National Youth Network (KNYN)
85) Kachin Women Association
86) Kachin Women Union
87) Kachin Youth Organization (KYO)
88) Kachine Relief and Development Committee

89) Kan Chay Arr Man Fishery Development Organization
90) Kanpetlet Land Development Organization
91) Karen Affairs Group KAG (ဖားအံမြို့နယ်)
92) Karen State Women Network KSWN (Hpa An)
93) Karen Youth Organization (Hpa Pun) ကရင်လူငယ်အဖွဲ့(ဖာပွန်မြို့နယ်)
94) Karen Youth Organization KYO (Kyar Inn Sate Kyee) (ကြာအင်းဆိတ်ကြီးမြို့နယ်)
95) Karenni Human Right Group
96) Karenni Refugee Repatriation and Reconstruction Working Group
97) Karuna Foundation (Kawkareik ) ကရုဏာဖောင်ဒေးရှင်း (ကော့ကရိတ်မြို့နယ်)
98) Kaung Myat Hnalonethar Health Care Organization
99) Kayah Baptist Association- CSSDD
100) KESAN (ဖားအံမြို့နယ်)
101) Kyaukphyu SEZ Watch
102) Kyondoe Youth Development Group (KYDG)
103) Kyun Ta Htaung Myae Foundation
104) LatButta Farmer Union
105) Light House Ayeyarwaddy Network
106) Light Social Development Organization
107) Lin lake Kyal Social Development Organization
108) Living Water Organization
109) Loi Yang Bum Community Development
110) Lu Mu Htar CBO (Than Taunggyi) (လူမူထာ CBO) (သံတောင်ကြီးမြို့နယ်)
111) MATA (Arakan) Working Group
112) MATA စစ်ကိုင်းတိုင်း
113) MATA ရောဝတီအလုပ်အဖွဲ့
114) MATA မန္တလေးတိုင်း
115) May Doe Arrman Women Development Organization
116) Metta Development Foundation
117) Mi Kayin Youth (Hpa An) မိကရင်လူငယ် (ဖားအံမြို့နယ်)
118) Migalar Foundation
119) Mon Area Community Development Organization (MACDO)
120) Mon Literature and Culture Association (Kawkareik) မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ကော့ကရိတ်မြို့နယ်)
121) Mon State Community Association
122) Mon Youth Organization (Zobbu)
123) Muditar Organization
124) Mung Chying Rawt Jat အခြေခံလူထုဖွံ့ဖြိုးရေးအဖွဲ့
125) Mwetaung Area Development Group
126) Myanmar Cultural Research Society (MCRS)

127) Myit Ma Ayeyarwaddy Development Organization
128) Nam Shani Organization
129) Namkyeo Parahita Foundation
130) NeT Organization (NeT)
131) NNER- National Network for Education Reform
132) Nyan Lynn Thit Analytica
133) Nyein (Shalom) Foundation ငြိမ်းဖောင်ဒေးရှင်း
134) P.D.CE (Peace, Development & Civic Engagement)
135) Pan Tain Shin Women Rural Development Organization
136) Pan Thi Kyo LGBT Organization
137) Paungsee Arr Institute (PAI)
138) Paungsee Myittar Organization
139) Peace and Development Initiative-Kintha (PDI-Kintha)
140) Peace World Gender Organization
141) People for People (PFP)
142) Phyu Sin Myittar Social Development Organization
143) Pone Yate Sit Regional Development Organization
144) Pwintphyu Development Organization.
145) Pyoe Social Development Organization
146) Rakha Strength Social Development
147) Rakhine Ethnics Congress (REC)
148) Rakhine Women Network
149) Rakhine Youth New Generation Network (RYNG-N)
150) RDO Rural Development Organization
151) RISE - Research Institute for Society and Ecology
152) Rule of Law Watch Group
153) Rural Social Development Organization
154) S & K Mining Watch
155) Salween Network သံလွင်ကွန်ရက် (ဖားအံမြို့နယ်)
156) Sane Lann Myo Set (Hpa An) စိမ်းလန်းမျိုးဆက် (ဖားအံမြို့နယ်)
157) Sarnar Kyi Phyu Social Development Organization
158) SarPhyu Farmer Network
159) Saytana Shaesaung Youth Organization
160) Saytanar Shin Social Development Organization
161) Shan State Youth Capacity Building Center (SSYCBC)
162) Shan Women Development Network
163) Shan Youth Yangon
164) Shwe Min Thar Foundation
165) Shwe Nathar Farmer Development Organization

166) Shwe Network
167) Shwe Thinkha Social Development Organization
168) Shwechinthae Farmers Network
169) Shwechinthae Social Service Group (Shwebo)
170) SKY-Youth, Kyaukphyu
171) Social Development Organization
172) Southern Youth Development Organization
173) Students and Youth Congress of Burma
174) Summer Shelter Library
175) Swam Su Ti Rural Development Organization
176) TANKS Transparency and Accountability Network of Kachin State
177) TEN, Taunggyi Education Network
178) Thint Myat Lo Thu Myat (Peace Seekers and Multiculturalist Movement)
179) Third Eye Organization
180) Thit Sar Gone Network သစ္စာဂုဏ်ကွန်ရက်
181) THWEE CSO (Kawkareik) သွီး CSO (ကော့ကရိတ်မြို့နယ်)
182) Together Thanlyin အဖွဲ့
183) Township Leading Group
184) Uakthon Local Social Development Organization
185) Waimaw Civil Society Network
186) Waimaw Lisu Development Association
187) Wan Lark Development Foundation (WLDF)
188) Windayel Village Social Organization (Hpa An) ဝင်းဒရယ်ကျေးရွာလူမှုရေးအဖွဲ့ (ဖားအံမြို့နယ်)
189) Women Capacity Building (Kawkareik)
အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေး (ကော့ကရိတ်မြို့နယ်)
190) Women Power Club WPC
191) Worker Development Organization
192) Wunpawng Ninghtoi
193) Yai Ywal Yar Youth Development Organization
194) Yatanar Youngyi Social Development Organization
195) YMCA (Lashio)
196) Young Ni Oo Social Development Organization
197) Young Ni Oo Women Group
198) Zo Youth organization Myanmar (ZYO)
199) Zomi Students and Youth Organization
200) ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း (KMSS, Lashio)
201) ကမ်းထောင်းကြီး လူငယ်မျိုးဆက်သစ်
202) ကလျာဏမိတ္တလူမှုကူညီရေးအသင်း (ရှားတော ရေဦး)
203) စာပေဥယျာဉ် ဘူးသီးတောင်

204) စိမ်းရောင်စို (တံတားဦး)
205) စေတနာ့လူငယ်များအဖွဲ့
206) တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ (TSYU)
207) တအာင်းဥပဒေအထောက်အကူပြုအဖွဲ့ (TLA)
208) တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO)
209) တောင်ကုတ်လူငယ်ကွန်ရက်
210) တောင်သူလယ်သမားများနှင့် မြေယာလုပ်သားများသမဂ္ဂ ( မြိတ်ခရိုင် )
211) တောင်သူလယ်သမားသမဂ္ဂ ကန့်ဘလူမြို့နယ်
212) ထီးချိုင့်ကွန်ရက်
213) ဒို့မြေကွန်ရက်
214) ပန်းပျိုးလက် ဗန်းမော် လူမှုရေးအဖွဲ့
215) ပေါင်းကူး
216) ပေါင်းစည်းအားမာန်
217) ပဲခူး စေတနာအလင်းအိမ်ပညာဒါနကျောင်း
218) ဘဂအားမာန် အသင်း
219) မကွေး MATA
220) မရာမာကြီးလူငယ်များကွန်ရက်
221) မြစ်ဖျားဧရာအဖွဲ့
222) မြိုလူငယ်များဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့
223) မြောက်ဦးလူငယ်များ အစည်းအရုံး (MUYA)
224) မေသရဖူ
225) ရခိုင့်ရှေ့ဆောင်အမျိုးသမီးများအဖွဲ့
226) ရခိုင်ပြည်ကျောင်းသားများသမဂ္ဂ
227) ရခိုင်မျိုးဆက်သစ်အမျိုးသမီးအဖွဲ့
228) ရခိုင်အရပ်ဘက်အဖွဲ့အစည်းများကွန်ရက် (ACN)
229) ရမ်းဗြဲမြို့နယ်လူငယ်များကွန်ရက်
230) ရွှေပန်းပျိုးလက်ပညာဒါန အမျိုးသမီးနှင့် ကလေးသူငယ်များကွန်ရက်
231) ရသေ့တောင်မြို့နယ် လူငယ်ကွန်ရက်
232) ရှမ်းပြည်နယ်(မြောက်ပိုင်း) နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (NSSBC)
233) ရှမ်းပြည်နယ်ကချင်စာပေနှင့် ယဉ်ကျေးမှု(SWLH)
234) ရှမ်းပြည်နယ်ကချင်အမျိုးသားလုံးဆိုင်ရာကွန်ရက် (SKNN)
235) ရှမ်းလူငယ်များအဖွဲ့ (TYO)
236) ရေအေးမိတ်ဖက်ဖွံ့ဖြိုးရေးကော်မတီ
237) လမ်းပြကြယ် LGBT group
238) လွတ်လပ်သောလူ့ဘောင် (ဖားအံမြို့နယ်)
239) လွတ်လပ်သောအရှိုချင်းများအင်အားစု
240) လောကပါလတရားမြှင့်တင်ရေးကွန်ရက်
241) ဝါးစိမ်းတောင်ကာကွယ်စောင့်ကြည့်ရေးကော်မတီ (WPWC)
242) သက်လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

243) သင့်မြတ်သူများ၏ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့(PoPP)
244) သင်္ဂါလူမှုကူညီရေးအဖွဲ့ (ဖားကန့်)
245) သန္တာရင်သွီး မျိုးဆက်သစ်လူငယ်များအဖွဲ့
246) ဟုမ္မလင်း လူငယ်ကွန်ရက်
247) အစိမ်းရောင်ဘဂများ
248) အနာဂတ်အလင်း ဖွံ့ဖြိုးရေးကော်မတီ
249) အနောက်တံခါးလူငယ်များအဖွဲ့
250) အမျိုးသမီးငြိမ်းချမ်းရေး နှင့် လုံခြုံရေးကွန်ရက် ရှမ်းပြည်နယ်မြောက်ပိုင်း(WPSN-NSS)
251) အမ်းလူငယ်မျိုးဆက်သစ်
252) အလင်းရောင်ပန်တိုင် ဖွံ့ဖြိုးရေးကော်မတီ
253) အုန်းတော ပရဟိတ ဖောင်ဒေးရှင်း
254) ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း(မြိတ်)
255) အဖြူရောင်လက်များလူမှုအကျိုးပြုအဖွဲ့
256) မုန်းချောင်းချစ်သူ
257) ကညွတ်ကွင်းလူငယ်စင်တာ
258) အလင်းသီတံ
259) ပေါက်ခေါင်းလူငယ်ကွန်ရက်
260) Women Development
261) မေတ္တာရောင်စဉ်လူငယ်
262) ဟသ်ာတံခွန်
263) ကမ်းလက်များအဖွဲ့
264) အလင်းရောင်အရပ်ဘက်အဖွဲ့
265) စစ်မှန်သောဆန္ဒလူမှုအဖွဲ့
266) မတူကွဲပြားခြင်းနှင့် ပြည်သူ့အမုန်တရား
267) ဆရာကြီးသခင်ကိုယ်တော်မှိုင်းကွန်ရက် (ပြည်ခရိုင်)
268) ရွှေကျင်ချစ်သူများအသင်း
269) ငြိမ်းသံလွင်ဖောင်ဒေးရှင်း